# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 7, 2020 Volume 34, Number 4


**၇.၈.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၅၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၃၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၁/- ကျပ် |
| CBM Rate | = ၁၃၆၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၁၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၈၂.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၀.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၅.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၅၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၃၂ကျပ် |

၁၇၀Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့ရော်ဘာကုန်ကြမ်းများ နိုင်ငံတကာပေါက်ဈေးရရှိရန် အရည်အသွေးမြှင့်တင်ရေး ကြိုးပမ်းနေ

မြန်မာနိုင်ငံမှတင်ပို့နေသော ရော်ဘာကုန်ကြမ်းကို နိုင်ငံ တကာပေါက်ဈေးနှင့်အညီ ရရှိရေး အရည်အသွေးနှင့်ထုတ်လုပ် မှုစံချိန်စံညွှန်းများ မြှင့်တင်ရန် ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူ များအသင်းအတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။ နိုင်ငံတကာဈေးကွက်တွင် မြန်မာရော်ဘာကုန်ကြမ်းသည် ပေါက်ဈေးထက် အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့် ဈေးလျှော့ဝယ်ယူခြင်းခံရသည်ဟု ၎င်းကဆိုသည်။ လက်ရှိ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာကုန်ကြမ်းတစ်တန်လျှင် ဒေါ်လာ ၁,၅၀၀ ဝန်းကျင်ရှိသော် လည်း မြန်မာနိုင်ငံမှရော်ဘာကုန် ကြမ်းများမှာ တစ်တန်လျှင် ဒေါ် လာ ၁,၁၀၀ ဝန်းကျင်သာရရှိသည်။ "အဓိကကတော့ အရည်အသွေးပိုင်းမမီသေးလို့ ဈေးမခေါ်မရတာပါ" ဟု ဦးခိုင်မြင့်ကပြောသည်။ မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက တစ်သန်းခြောက်သိန်းကျော်ရှိပြီး လက်ရှိတွင် အစေးလှီးနိုင်သော ရော်ဘာစိုက်ဧက ရှစ်သိန်းကျော်ရှိသည်။ တစ်နှစ်လျှင် ပြည်ပသို့ ရော်ဘာကုန်ကြမ်းများ တရားဝင်တင် ပို့မှုမှ တန်ချိန်နှစ်သိန်းကျော်ရှိ သည်။ ရော်ဘာကုန်ကြမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိနေသည်။

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာစာရင်းဝင် ရော်ဘာကုန်ကြမ်း ထုတ်လုပ်တင်ပို့မှုများနှင့်ပတ်သက်၍ အရည်အသွေးပိုင်းမြှင့်တင်ရေး၊ ထုတ်လုပ်မှု မြှင့်တင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး JICA ကဲ့သို့ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ နည်းပညာအကူအညီများ ရယူဆောင်ရွက်သွားမည်ဟု ၎င်းကဆိုသည်။ လက်ရှိတွင် နိုင်ငံတကာအဆင့်မီစစ်ဆေးနိုင်သော ရော်ဘာဓာတ်ခွဲခန်းတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထိုဓာတ်ခွဲခန်းတွင် စစ်ဆေးပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသော ရော်ဘာကုန်ကြမ်းထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့မည်ဆိုပါက အရည်အသွေးပိုင်းအာမခံချက်ရရှိသဖြင့် ဈေးလျှော့ ဝယ်ယူခြင်းဖြစ်စဉ်များ လျော့နည်းသွားနိုင်သည်ဟု ဦးခိုင်မြင့်ကပြောသည်။

မြန်မာနိုင်ငံရှိ ရော်ဘာကုန်ကြမ်းများ အရည်အသွေးအဆင့်မြှင့်တင်နိုင်ရေးသည် အစေးလှီးသည့်ခြံများမှ စတင်ထုတ်လုပ်ရာတွင် သန့်ရှင်းပြီးအရောအနှောကင်းသော ရော်ဘာကုန်များဖြစ်ရန်လည်း လိုအပ်သည်ဟု ဘီးလင်းမြို့နယ်မှ ရော်ဘာခြံပိုင်ရှင် တစ်ဦးကပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးနှုန်း တစ်ပေါင်လျှင် ၆၅၀ ကျပ်မှ ၇၀၀ ကျပ်အကြားရှိနေသည်။ အရည်အသွေးမြင့် ရော်ဘာကုန်ကြမ်းထုတ်ကုန်များ ပြည်ပသို့တင်ပို့နိုင်ရေးတွင် ပြည်တွင်းရှိ ရော်ဘာ

ကုန်ကြမ်းစက်ရုံ ၁၀ ရုံ၏ ထုတ်လုပ်မှုအရည်အသွေးပိုင်းလည်း မြှင့်တင်ရန်လိုအပ်နေသည်။

**Source:** https://7day.news/detail?id=194767

## ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီအား DICA က မှတ်ပုံတင်ခွင့်ပြု



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) က ဩဂုတ် ၆ ရက် တွင် အတည်ပြုလက်မှတ်ဖြင့် ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက် မှတ်ပုံတင်ခြင်းအား ခွင့်ပြုချက်ပေးအပ်ခဲ့သည်။ ၎င်းမှာ ကျောက်ဖြူစီမံကိန်းအတွက် ကြီးမား သည့် တိုးတက်မှုရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယခုနှစ် ဇန်နဝါရီလ ၁၈ ရက် တွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖိန် က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့စဉ် မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖိန် တို့၏ရှေ့မှောက်တွင် CITIC Group နှင့် မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနတို့က ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းဆိုင်ရာ သဘောတူညီချက်များ အပြန်အလှန်ပေးအပ်ခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ပြည်ပမှမော်တော်ယာဉ်တင်သွင်းမှု ကညနမှတ်ပုံတင်ခများလျှော့ချ

လူစီးမော်တော်ယာဉ်များအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခများဖြေလျှော့ကြောင်း ပို့ဆောင်ရေးနှင့်ဆက် သွယ်ရေး ဝန်ကြီးဌာနက ဩဂုတ် ၆ရက်တွင်ကြေညာသည်။ COVID-19 ကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးကျဆင်းမှုများကို ကုစားသည့် အနေဖြင့် လူစီးမော်တော်ယာဉ်များအတွက် မူလတန်ဖိုး(FOB)အပေါ်ကောက်ခံလျက်ရှိသည့် ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခ နှုန်းထားများကို ဩဂုတ် ၇ရက်(ယနေ့) က စ၍ လျှော့ချကောက်ခံမည်ဖြစ်ကြောင်းအသိပေးသည်။ လျှော့ချခဲ့သည့် နှုန်းထား အရ လူစီးယာဉ်အမျိုးအစားတွင် လက်ရှိ ကောက်ခံသည့်နှုန်းဖြင့် နှိုင်းယှဉ်ပါက ၁၃၅၀ စီစီနှင့် အောက် ကို ၃၀ မှ ၁၅ ရာခိုင်နှုန်း၊ ၁၃၅၁ စီစီမှ ၂၀၀၀ စီစီအထိ ၅၀ မှ ၂၅ ရာခိုင်နှုန်း၊၂၀၀၁ စီစီမှ ၅၀၀၀ စီစီအထိ ၈၀ မှ ၄၀ ရာခိုင် နှုန်းနှင့် ၅၀၀၁ စီစီနှင့် အထက် ၁၂၀ မှ ၆၀ ရာခိုင်နှုန်းဖြစ်သည်။ “အဓိက သက်ရောက်မှုက ပြည်ပကနေ CBU စနစ် (အလုံး စုံ မော်တော်ယာဉ်တင်သွင်းမှု) တွေဖြစ်တယ်။ အရင်လကတည်းက စီစဉ်နေခဲ့တာ”ဟု ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန် ကြားမှုဦးစီးမှူး ဦးသိန်းထွဋ်က ပြောသည်။

ယခုလျှော့ချလိုက်သည့် ကညနအခွန်ကြောင့် ရန်ကုန်ဆိပ်ကမ်းအရောက်ဈေး ဒေါ်လာနှစ်သောင်းတန်ရှိမည့် မော်တော် ယာဉ်သည် ကျပ်သိန်း ၅၀ ခန့် ဈေးသက်သာနိုင်ကြောင်း ပြည်ပ မှမော်တော်ယာဉ်တင်သွင်းသည့် ကိုအောင်မိုးလွင်က သုံးသပ် သည်။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ဆက်စပ်သော အခွန်အကောက်လျှော့ချမှုကို အစိုးရက ဩဂုတ် ၁ ရက်က အကောက်ခွန်များကို ရာခိုင်နှုန်းအလိုက် ဖြေလျှော့ခဲ့သည်။ ဩဂုတ် ၁ ရက်ကလျှော့ချခဲ့သည့် အကောက်ခွန် နှုန်းထားတွင် ပြည်ပမှတင်သွင်းသည့် လူစီးမော်တော်ယာဉ်များအတွက် အင်ဂျင်ပါဝါ ၂၀၀၀ စီစီ နှင့်အောက်ကို အကောက်ခွန်နှုန်း ၃၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း၊ အင်ဂျင်ပါဝါ ၂၀၀၁ စီစီနှင့် အ ထက်ကို ၄၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့သည်။

ပြည်တွင်း၌ SKD စနစ်ဖြင့်ထုတ်လုပ်သည့် မော်တော်ယာဉ်များအနက် ၂၀၀၀ စီစီနှင့်အောက်ယာဉ်များသည် ယခင်ကောက်ခံသည့် အကောက်ခွန် ၁၀ ရာခိုင်နှုန်းမှ လုံးဝပေးဆောင်စရာမလိုတော့ဘဲ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် ၂၀၀၁ စီစီနှင့်အထက် မော်တော်ယာဉ်များမှာလည်း ၂၀ ရာခိုင်နှုန်းမှ ၅ ရာခိုင် နှုန်းအဖြစ်လျှော့ချခဲ့သည်။ လျှော့ ချပေးသည့် အကောက်ခွန်နှုန်းထားသည် ရန်ကုန်အရောက် ကားတန်ဖိုး (AV) ဒေါ်လာတစ်သောင်း အခြေခံတွက်ချက်ပါက ပြည်ပမှတင်သွင်းသည့် မော် တော်ယာဉ် ၂၀၀၀ စီစီအောက်ဖြစ်ပါက ယခင်ဒေါ်လာ ၃၀၀၀ မှ ယခုဒေါ်လာ ၂၀၀၀ ပေးဆောင် ရမည်ဖြစ်သည်။ အလားတူ ပြည်တွင်း SKD စနစ်ဖြင့် ထုတ်လုပ်သည့်မော်တော်ယာဉ်သည် ၂၀၀၀ စီစီ အောက်ဖြစ်ပါက

ယခင်က ၁၀ ရာခိုင်နှုန်း (ဒေါ်လာတစ်ထောင်) ပေးဆောင်ရမှုသည် ယခုအခါ ပေးဆောင်ရန်လိုတော့မည်မဟုတ်ပေ။

**Source:** https://7day.news/detail?id=194806

## ပြည်ပပို့သည့် ဆန်ကြမ်းအဝင်နည်းပြီး ဈေးအနည်းငယ်တက်သော်လည်း ဆန်ချောဈေးကျ

ရန်ကုန်ဈေးကွက်သို့ ဆန်ကြမ်းအဝင်နည်းသဖြင့် ပြည်ပတင်ပို့နေသည့် ဆန်ဈေးအနည်းငယ် ပြန်တက်လာကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။ ပွင့်ဖြူ၊ မတ္တရာ စသည့်မြို့နယ်များမှ ဆန်များ တစ်ရက်လျှင် အိတ်ရေသုံးသောင်းခန့်သာ ရန်ကုန်ဈေးကွက်သို့အဝင်ရှိသဖြင့် ဆန်ကြမ်းအမျိုးအစား ၅မှတ်ဆန် တစ်တန်လျှင်ကျပ် ၂၃,၀၀၀၊ ၂၅ မှတ်ဆန်တစ်တန်လျှင် ကျပ် ၂၁,၅၀၀ ဈေးဖွင့်သည်ဟု ၎င်းကဆိုသည်။ ဇူလိုင်လအတွင်း ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးပြန်မြင့်လာသည်။ "အခုချိန်က နိုင်ငံခြားဝယ် သူကဈေးမပေးဘူး။ ပြည်တွင်းငွေလဲနှုန်းကလည်းကျတော့ ပြည်ပပို့ တဲ့လူတွေက ဈေးအများကြီးတိုး ပြီး မဝယ်နိုင်ဘူး" ဟု ဦးသန်းဦးကပြောသည်။

လက်ရှိ နိုင်ငံတကာဈေး ကွက်တွင် ဆန်ဝယ်လိုအားလျော့ ကျနေပြီး ကုမ္ပဏီများကလည်း ဈေးချပြီး ဝယ်ယူနေကြသည်။ နိုင်ငံတကာဈေးကွက်တွင် ရောင်းချရသည့် ဈေးနှုန်းက ပြည်တွင်းဈေးထက် အနည်းငယ် လျော့နည်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အချို့ကပြောသည်။

ပြည်ပတင်ပို့သည့် ဆန်အမျိုးအစားက ဈေးအနည်းငယ်တက်သော်လည်း ပြည်တွင်းအဓိကစားသည့် ဆန်ချောဈေးနှုန်းက COVID-19 ကပ်ရောဂါဖြစ်နေချိန်တွင် ဆန်တစ်အိတ်လျှင် ပျမ်းမျှ ၃ ရာခိုင်နှုန်းဈေးကျ ဆင်းသည်။ ပြည်တွင်းစားသုံးသည့် ပေါ်ဆန်းအမျိုးအစား ဆန်ချောလက်ကားဈေးနှုန်းသည် မတ်လတွင် တစ်အိတ်လျှင်ကျပ်၃၇,၀၀၀ မှ ဇူလိုင်တွင် ကျပ် ၃၆,၀၀၀ သို့ကျဆင်းခဲ့သည်။ ရွှေဘိုပေါ် ဆန်းဈေးနှုန်းကလည်း တစ်အိတ်လျှင် ကျပ် ၅၃,၀၀၀ မှကျပ် ၅၁,၀၀၀ သို့ ကျဆင်းလာသည်။

**Source:** https://7day.news/detail?id=194765

## ၁၆ နိုင်ငံပါဝင်မည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်တွင် မြန်မာလက်မှတ်ထိုးမည်

အာဆီယံ ၁၀ နိုင်ငံ အပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ သြစတြေးလျ၊ တောင်ကိုရီးယားနှင့်နယူးဇီလန်နိုင်ငံတို့ကြား လွတ်လပ်စွာကုန်သွယ်နိုင်မည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာနိုင်ငံပါဝင် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းသိရသည်။ ထိုဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership – RCEP)တွင် မြန်မာပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြီးခဲ့သည့် သြဂုတ်လ ၅ ရက်က ကျင်းပသော ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်စည်းအဝေး၌ လွှတ်တော်က အတည်ပြု လိုက်ပြီဖြစ်သည်။ လာမည့် ၂၀၂၀ နိုဝင်ဘာလတွင် ကျင်းပမည့် ၃၇ ကြိမ်မြောက် အာဆီယံထိပ်သီး စည်းအဝေးပွဲတွင် စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ အတူတကွလက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန (MIFER) ၏ ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက လွှတ်တော်၌ပြောကြားခဲ့သည်။

ထိုအစည်းအဝေးပွဲတွင် ကုန်သွယ်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် အိန္ဒိယနိုင်ငံမှလွဲ၍ ကျန်အဖွဲ့ဝင် ၁၅ နိုင်ငံက RCEP သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးသွားဖွယ်ရှိကြောင်း MIFER ကဆိုသည်။ RCEP သဘောတူစာချုပ်တွင် ကုန်စည်ကုန်သွယ်ရေး၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝန်ဆောင်မှု ကုန်သွယ်ရေး၊ လူပုဂ္ဂိုလ်များ ရွှေ့ပြောင်း သွားလာရေး၊ ရင်းနှီးမြှုပ်နှံမှုစံချိန်စံညွှန်း နည်းပညာလုပ်ထုံးလုပ်နည်း အရည်အသွေးကိုက်ညီမှုဆိုင်ရာ အစီအစဉ်၊ ရွှေ့ပြောင်းလုပ်သား၊ အပင်နှင့်တိရစ္ဆာန်များ တင်ပို့ရာတွင် ပိုးမွှားကင်းစင်ရေး၊ စီးပွားရေးနှင့်နည်းပညာဆိုင်ရာပူးပေါင်း ဆောင်ရွက်မှု၊ အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုဆိုင်ရာ သဘောတူညီမှုပါဝင်သည်။

အဆိုပါ သဘောတူညီမှုများအပြင် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး၊ အငြင်းပွားမှုဖြေရှင်းရေးစနစ်နှင့် အစိုးရ ဝယ်ယူရေးအပါအဝင် နယ်ပယ်အသီးသီး စာချုပ်ဝင်နိုင်ငံများ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဈေးကွက် ဖွင့်လှစ်ပေးရန် ကမ်းလှမ်းထားသည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များ၊ တာဝန်များနှင့် ခံစားခွင့်များပါရှိကြောင်းသိရသည်။

ဒုဝန်ကြီး ဦးဗရတ်ဆင်းက "ကဏ္ဍစုံ လွှမ်းခြုံတဲ့ အဆင့်မြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်မှာ ပါဝင်ခွင့်ရမယ့်အပြင် သဘောတူစာချုပ်မှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေပါဝင်တဲ့အတွက် ကြီးမားတဲ့ဈေးကွက်ကိုရရှိခြင်း၊ အရည်အသွေးမြင့်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနိုင်မယ့် အခွင့်အရေးတွေရှိနေပါတယ်" ဟုဆိုသည်။ RCEP သဘောတူညီစာချုပ် အသက်ဝင်ပါက အဆိုပါ နိုင်ငံများမှ ကုန်စည်လိုင်းအားလုံးကို အကောက်အခွန် ၆၅ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုရမည်ဖြစ်ကာ မြန်မာ၊ ကမ္ဘောဒီယားနှင့်လာအိုနိုင်ငံတို့သည် ကုန်သွယ်မှု အထူးအခွင့်အရေးရရှိထားပြီးဖြစ်သဖြင့် ၃၀ ရာခိုင်နှုန်းသာ ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သည်။

NLD ပါတီ၏ နွားထိုးကြီး မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထူးအောင်က "တရုတ်၊ ဩစတေးလျ၊ ဂျပန် စတဲ့ အင်အားကြီးနိုင်ငံတွေပါဝင်တဲ့အတွက်ကြောင့် နိုင်ငံအတွက် ဈေးကွက်ကြီးမားစွာ ရရှိနိုင်မှာဖြစ်ပါတယ်။ စာချုပ်ပါ စည်းမျဉ်း တွေကိုအခြေခံပြီး နိုင်ငံမှာရင်းနှီးမြှုပ်နှံမှုတွေလည်း ပိုမိုဆောင်ရွက်လာနိုင်မယ်" ဟု လွှတ်တော်တွင် ထောက်ခံ ဆွေးနွေးရာ၌ ပြောကြားခဲ့သည်။ ယင်းပြင် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးစာချုပ်များတွင် ပါဝင်နိုင်ခြင်းအားဖြင့် လက်ရှိ ကျင့်သုံးနေသည့် နိုင်ငံ၏စီးပွားရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတကာ အဆင့်မီသည့် ပြုပြောင်းလဲမှုများကို ပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံ၏စီးပွားရေးအဖွဲ့များကို နိုင်ငံတကာ အဆင့်အတန်းမီ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ အဆိုပါဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် ကနေဒါ၊ ဟောင်ကောင်၊ ချီလီနိုင်ငံ တို့ကလည်း ပါဝင်ရန် စိတ်ဝင်စားမှု ရှိနေကြောင်း သိရသည်။

စီးပွားရေး လေ့လာသုံးသပ်သူ ဦးလှမောင်က "ကိုယ်က စီးပွားရေးအင်အားကြီးနိုင်ငံတွေနဲ့ စီးပွားဘက်လုပ်ရမှာဖြစ်တဲ့ အတွက် Master Plan တွေ သေချာရှိဖို့လိုတယ်။ အခုက ကိုဗစ်ကြောင့် စီးပွားရေးက အကုန်ကျနေတဲ့အချိန်ဖြစ်တဲ့အတွက် ဒီလိုမျိုးပူးပေါင်းဆောင်ရွက်ခြင်းက ကိုဗစ်အလွန်ကာလ မြန်မာ့စီးပွားရေးအတွက် အများကြီး ကောင်းလာနိုင်တယ်" ဟု ပြောသည်။ ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများသည်လည်း ပြည်တွင်းသို့ ဝင်ရောက်လာမည်ဖြစ်ခြင်းကြောင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကသုံးသပ် ပြောဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/08/06/227579.html

## မင်းတပ်မြို့နယ်တွင် စီးပွားဖြစ် ဝဥစိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေရနေ





ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင်စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည့် ဝဥကိုပြည်တွင်းသာမက ပြည်ပဈေးကွက်ကပါ ဝယ်ယူ ကြကြောင်းသိရသည်။ ဈေးကွက်ဝင်ဝဥကို စိုက်ပျိုးရာတွင်အရွက်မှထွက်ရှိသည့်အသီးကိုခူးကာတိုက်ရိုက်အစေ့ချစိုက် ပျိုးခြင်း ဖြင့်လည်းကောင်း၊ရွက်သီးမှရရှိသောအသီးကိုပျိုးဘောင်ဖြင့်ပျိုးထောင်ကာတစ်နှစ်သားရှိပါက တစ်နှစ်ဥကိုချ၍ စိုက်ပျိုးသည့် နည်းဖြင့်လည်းကောင်း၊နည်းလမ်းနှစ်မျိုးဖြင့်ဧပြီလ၊ မေလတို့တွင်စိုက်ပျိုးလေ့ရှိသည်။ " ရွက်သီးကိုတိုက်ရိုက် အစေ့ချ စိုက်ပျိုး ပါက တစ်ဧကကို(၈)တင်းစိုက်ပျိုးရပြီး၊တစ်နှစ်ဥကိုစိုက်ပါက တစ်ဧကကိုဝဥလုံးရေ(၈၀၀၀) သတ်မှတ်ပြီး မြေအနေအထား၊ စိုက်ပင်အကွာအဝေးပျှမ်းမျှတွက် ချက်ပြီးစိုက်ပျိုးရပါတယ်။တိုက်ရိုက်အစေ့ချစိုက်ခြင်းကို စိုက်ပြီး (၃)နှစ်အကြာတွင်တူးဖော်၍

တစ်နှစ်သား ဥကိုနှစ်နှစ်ကြာသည့်အခါ တူးဖော်လေ့ရှိပါတယ်။ အထွက်နှုန်းကတော့စနစ်တကျစိုက်ပျိုးပါက တစ်ဧကကို ပိဿာချိန်(၄၀၀၀)ကျော်ထွက်ရှိပါတယ်။ မနှစ်ကကာလပေါက်ဈေးကတော့ဝဥခြောက်တစ်ပိဿာကို ၁၃၀၀၀ ကျပ်ရှိပြီး ဝဥအစို တစ်ပိဿာကို၂၅၀၀ကျပ်ထိရှိပါတယ် " ဟု ဝဥစိုက်တောင်သူဦးရှိန်းခယ်က ပြောကြားသည်။

ဝဥကိုစားသုံးကုန်အဖြစ်လည်းကောင်း၊ဆေးဝါးထုတ်လုပ်ရာတွင်လည်းကောင်းသုံးစွဲကြပြီး ဝဥတွင် ရေ၊ အသားဓာတ်၊ အမျှင်ဓာတ်၊ ကာဗွန်ဟိုက်ဒြိတ်ဓာတ်၊ ပြာဓာတ်၊ သံဓာတ်၊ ဗီတာမင်အေများပါဝင်ကြောင်းနှင့်ချင်းပြည်နယ်အတွင်းရှိ တောင်သူများ၏အဓိကစီးပွားဖြစ်စိုက်ပျိုးသီးနှံဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ဧက တိုးတက်လာစေရေး လုပ်ဆောင်လျက်ရှိဟုဆို



ဝါသီးနှံစိုက်ဧကများ တိုးတက်လာစေရေး ဝါစိုက်တောင်သူများကို အသိပညာ ပေးခြင်းနှင့်အထွက်နှုန်းကောင်းမွန်သည့် မျိုးများဖြင့်စိုက်ပျိုးထားသော စိုက်ခင်းများအား ကွင်းသရုပ်ပြပွဲများ လုပ်ဆောင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်၏ပြောကြားချက်များအရ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်မှုကုန်ကြမ်းသီးနှံဖြစ်သောဝါကို စိုက်ပျိုးမှုများပြားသော်လည်း ရာသီဥတုပြောင်းလဲလာခြင်း၊ ဝါမျိုးစေ့များနှင့် ထွက်ရှိဝါများ၏ အရည်အသွေးများကျဆင်းလာခြင်း၊ ဈေးကောင်းမရရှိခြင်းတို့ကြောင့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးမှုများလာခြင်း ကြောင့် ဝါစိုက်ဧကကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။

"ဝါမှာစိုက်တဲ့အချိန်က မိုးကြိုမိုးနဲ့ မိုးနှောင်းဆိုပြီး ဝါစိုက်ချိန်(၃)ချိန်ရှိတယ်၊ ဝါရဲ့အရည်သွေး ပိုကောင်းတဲ့ မိုးနှောင်းဝါကို များများစိုက်ဖို့နဲ့ သီးနှံပုံစံတွေပြောင်းလဲဖို့အတွက် စနစ်တကျရေးဆွဲ လုပ်ဆောင်နေတာဖြစ်ပါတယ်၊ စက်မှုကုန်ကြမ်း သီးနှံတွေက စက်ရုံပိုင်းမှာလည်း တွက်ချေကိုက်မှုရှိရမယ်၊ စိုက်တဲ့တောင်သူပိုင်းမှာလည်း တွက်ချေ ကိုက်မှုရှိရမယ်၊ အဲဒီလို အခြေအနေမျိုးရှိမှ စက်မှုကုန်ကြမ်းသီးနှံတွေ စီးပွားဖြစ်ထုတ်လုပ်တဲ့ကုန်ကြမ်းတွေဖြစ်လာမှာဖြစ်လို့ တောင်သူတွေကို စည်းရုံးပြီးလုပ်ဆောင်နေပါတယ်၊ ရွှေတောင်(၁၀)ရဲ့ အားသာချက်က အပင်သက် (၁၀)လလောက်အထိ ဝါကောက်နိုင်တယ်၊ အထွက်နှုန်းသေချာတယ်၊ စုပ်ပိုးဒဏ်ကိုလည်းခံနိုင်ရည်ရှိတယ်၊ အဲဒါကြောင့်တောင်သူတွေစိုက်နိုင်ဖို့ ကွင်းသရုပ်ပြပွဲတွေ လုပ်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယနေ့အချိန်အထိ စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် မလှိုင်မျိုး (၄၉၆၃)ဧက၊ ဝါကြီးမျိုး(၄၅၅၀)ဧက၊ မိုးကြိုဝါ (၂၅၁)ဧကနှင့် မိုးဝါ (၅၆၉၅)ဧက စိုက်ပျိုး ပြီးစီးပြီ ဖြစ်ကြောင်းနှင့် ယခုဘဏ္ဍာရေး နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မလှိုင်ဝါမျိုး (၁၄၆၀၀) ဧက၊ ဝါကြီးမျိုး (၅၀၀၀)ဧက၊ မိုးကြိုဝါ (၃၆၀)ဧက၊ မိုးဝါ (၂၁၆၇၄)ဧကနှင့် မိုးနှောင်းဝါ (၃၇၇၁၂)ဧက ကို စိုက်ပျိုးသွားရန်လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန၏ မှတ်တမ်းများအရသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/



## စမုန်နက်နှမ်းနှင့် နှမ်းဖြူဈေးနှုန်းများ မန္တလေးဈေးကွက်အတွင်း သိသာစွာမြင့်တက်

မြန်မာ့ထွက်ကုန်သီးနှံ နှမ်းအမျိုး အစားများအနက် စမုန်နက်နှမ်းနှင့် နှမ်းဖြူ ဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန် လာမှုကြောင့် မန္တလေးဈေးကွက်တွင် ဈေးနှုန်းများသိသာစွာ မြင့်တက်လာကြောင်း မန္တလေးမြို့ပဲကုန်သည်များထံမှသိရသည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း

ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နှမ်းအထွက်နှုန်းနည်းပါးသည့်အပြင် တရုတ်နိုင်ငံ၏ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် ယခုကဲ့သို့ဈေးနှုန်းများ သိသာစွာ မြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးမြို့ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) မှသိရသည်။ ''ပြည်တွင်းကထွက်တဲ့ နှမ်းတွေကို ထွက်သလောက် တရုတ်နိုင်ငံဈေးကွက်မှာ ရောင်းချနေရပါတယ်။ ဈေးနှုန်းတော့ အတက်အကျရှိတာပေ့ါ။ ဒီနှစ် ပြည်တွင်းမှာ မိုးခေါင်တဲ့အတွက် နှမ်းစိုက်ခင်းတွေ ဖြစ်ထွန်းမှုနည်းပါးတဲ့အချိန်မှာ တရုတ်နိုင်ငံကလည်း သူတို့ဈေးကွက်ရဲ့ လိုအပ်ချက်အရ ဝယ်လိုအား ရုတ်တရက် ကောင်းလာတဲ့အတွက် ဇူလိုင်လနောက်ဆုံးပတ်ကနေစပြီး အခုလို နှမ်းဈေးနှုန်းတွေ တရိပ်ရိပ်မြင့်တက်လာတာပါ။ အထူးသဖြင့် စမုန်နက်နှမ်းနဲ့ ရိုးရိုးနှမ်းဖြူဈေးတွေက သိသိသာသာကို မြင့်တက်လာတာ တွေ့ရတယ်'' ဟု ၎င်းကပြောသည်။

လက်ရှိ မန္တလေးဈေးကွက်အတွင်း၌ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀ နှုန်းရှိသော စမုန်နက်နှမ်းမှာ ယခုရက်ပိုင်းတွင် ငွေကျပ် ၂၀၅၀၀၀ အထိလည်းကောင်း၊ ရိုးရိုးနှမ်းဖြူဈေးနှုန်းမှာ ယခင်က ငွေကျပ် ၁၀၀၀၀၀ မှ ယခုငွေကျပ် ၁၃၂၀၀၀ အထိလည်းကောင်း၊ ဂျပန်နှမ်းဖြူဈေးနှုန်းမှာ ယခင်ငွေကျပ် ၁၂၅၀၀၀ မှ ယခုငွေကျပ် ၁၃၈၀၀၀ နှုန်းအထိ ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## တရုတ်နှင့်အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ပြုလုပ်

တရုတ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် တရုတ်နိုင်ငံ၊ ရှန်စီပြည်နယ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်မှုဖလှယ်ရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ဩဂုတ်လ ၅ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။

ယင်းဖိုရမ်သည် အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဆန်းသစ်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ရှန်စီပြည်နယ်နှင့်အာဆီယံနိုင်ငံများအကြားတွင် ကြီးမားသည့်ပူးပေါင်းဆောင်ရွက်မှု အလားအလာရှိပြီး ဖိုရမ်ကိုပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းတစ်ခုအဖြစ် အသုံးချနိုင်မည်ဟုမျှော်လင့်ကြောင်း ရှန်စီပြည်နယ်၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး Mr.Wang Hongwei ကပြောကြားသည်။ ဖိုရမ်ကို ရှန်စီပြည်နယ်အစိုးရနှင့် China-ASEAN Business Council တို့က ပူးပေါင်းကျင်းပခဲ့ပြီး တရုတ်နှင့်အာဆီယံနိုင်ငံများအကြား Covid-19 ကြောင့် စီးပွားရေးထိခိုက်မှုများလျှော့ချရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း ယင်းဖိုရမ်မှသိရသည်။

အဆိုပါဖိုရမ်တွင် တရုတ်နိုင်ငံ၊ ရှန်စီပြည်နယ်နှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ခရီးသွားကဏ္ဍ၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ဖိုရမ်ကို Video Conferencing စနစ်ဖြင့်ပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံ၊ ရှန်စီပြည်နယ်မှတာဝန်ရှိသူများနှင့် ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**Source : The Voice**

https://news.ydnp.net/366613/

## မီးရထားအဆောက်အအုံပြန်လည်မွမ်းမံ၍ အာမခံဈေးကွက်ဖော်ဆောင်ရေး ကမ်ပိန်းလုပ်မည်

ကနေဒါအခြေစိုက်အာမခံနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုကုမ္ပဏီ Manulife သည် ၎င်း၏ပထမဆုံး ဈေးကွက်ဖော်ဆောင်ရေးကမ်ပိန်းကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မီးရထားအဆောက်အအုံကို ပြန်လည်ပြင်ဆင်မွမ်းမံခြင်းဖြင့် စတင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှသိရသည်။ ယင်းကမ်ပိန်းသည် Manulife ၏ အမှတ်တံဆိပ်ကို လူအများပိုမိုသိရှိလာစေရန်နှင့် မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ပုံရိပ် ပိုမိုခိုင်မာလာစေရေးအတွက်လုပ်ဆောင်သည့် ကုမ္ပဏီ၏ ကြိုးပမ်းမှုဖြစ်သည်။ အစိမ်းရောင်အသွင်သဏ္ဌာန်ဖြင့် ပြန်လည်ဆန်းသစ်ထားသည့် ရန်ကုန်မီးရထားအဆောက်အအုံကို ပန်းဆိုးတန်း

ခုံးကျော်တံတားမှ အထင်အရှားမြင်နိုင်ပြီး အဆိုပါအဆောက်အအုံသည် ရန်ကုန်မြို့လယ်ရှိ အထင်ကရအဆောက်အအုံများ အနက်မှ တစ်ခုလည်းဖြစ်သည်။ သက်တမ်းရာချီရှိသည့် ရန်ကုန်ဘူတာကြီးအဆောက်အအုံ၏ တိုးချဲ့အဆောက် အအုံအဖြစ် ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အဆိုပါအဆောက်အအုံကို ယခုအခါ မီးရထားဝန်ထမ်းများက ၎င်းတို့၏ရုံးအဖြစ် ဆက်လက်အသုံးချလျက်ရှိသည်။ Manulife သည် မြန်မာနိုင်ငံတွင် ရှည်လျားသောသမိုင်းကြောင်းရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီအနေနှင့် မြန်မာနိုင်ငံ၌ ၎င်း၏ပထမဆုံး အာမခံပေါ်လစီကို ၁၉၀၃ ခုနှစ် နိုဝင်ဘာလတွင် စတင်ရောင်းချခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်အဖြစ်ပြောင်းလဲလိုက်သော ၁၉၆၀ ပြည့်လွန်ကာလမတိုင်မီ အထိ မြန်မာ့အာမခံလုပ်ငန်းကို တက်ကြွစွာပံ့ပိုးပေးခဲ့သော ရှေ့ဆောင်အာမခံတစ်ခုလည်း ဖြစ်သည်။ Manulife သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ဝင်ရောက်လာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အာမခံလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက် ရရှိခဲ့သော ပထမဆုံးနိုင်ငံခြားသားပိုင် အာမခံကုမ္ပဏီဖြစ်သည်။ ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ရုံးချုပ်ဖွင့်လှစ်ထားသည့် Manulife သည် ကနေဒါ၊ အာရှနှင့်ဥရောပနိုင်ငံများတွင် ဘဏ္ဍာရေးအကြံပြုချက်များ၊ အာမခံနှင့်နေဥစ္စာပိုင်ဆိုင်မှု ပစ္စည်း စီမံခန့်ခွဲမှု ပြဿနာဖြေရှင်းနည်းများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက် သို့မဟုတ် အဖွဲ့အစည်းများအတွက်ဖြစ်စေ ဝန်ဆောင်မှုပေးလျက်ရှိသည်။

Manulifeသည် ၂၀၁၉ ခုနှစ် နှစ်ကုန်တွင် ဝန်ထမ်းပေါင်း ၃၅,၀၀၀ ကျော်၊ အေးဂျင့်ပေါင်း ၉၈,၀၀၀ ကျော်နှင့် ဖြန့်ချိရေးပါတနာများ ထောင်ကျော်နှင့်လက်တွဲကာ ကမ္ဘာတစ်ဝန်းတွင် အာမခံဝန်ဆောင်မှု ဝယ်ယူသူ သန်း ၃၀ နီးပါးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါကုမ္ပဏီထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/366618/

## အစိုးရက စိုက်ပျိုးသီးနှံများတင်ပို့ရောင်းချရာတွင် အခက်အခဲများကို ကူညီဖြေရှင်းပေးမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက တောင်သူလယ်သမားများ၏ စိုက်ပျိုး သီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ လက်ရှိကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုး သီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီဖြေရှင်း ပေးနိုင် ရန်အတွက် သမဝါယမကဏ္ဍက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်ကို ဩဂုတ် ၅ ရက်နေ့က တောင်သူများကို အသိပေး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမ ဦးစီးဌာနအနေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမ အသင်းစုချုပ်များနှင့်ညှိနှိုင်းပြီး ပို့ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ယင်းဌာနထံမှသိရသည်။ ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သမဝါယမ၏ မူတစ်ရပ်ဖြစ်သည့် No Profit, No Loss ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

တောင်သူလယ်သမားများအနေနှင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်၊ သမဝါယမဦးစီးဌာန ဖုန်း ၀၈၁-၂၁၂၁၆၇၂ နှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဖုန်း ၀၉-၅၂၁၄၃၇၃ သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမ ဦးစီးဌာန များနှင့် အသင်းစုချုပ်များ၊ သမဝါယမဦးစီးဌာန (ရုံးချုပ်) (ဖုန်း ၀၆၇-၄၁၀၃၄၁) သို့ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း သမဝါယမဦးစီးဌာနထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/366563/

## စံချိန်တင်ရွှေဈေး ဆက်လက်မြင့်တက်

ကမ္ဘာ့ရွှေဈေး မြင့်တက်လာသည့်အတွက် ဩဂုတ်လ ၆ ရက်နေ့ နံနက်ပိုင်း ရွှေဈေးများအရ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁,၃၂၀,၅၀၀ ပေါက်ဈေးရှိကြောင်း ရွှေဈေးကွက်အတွင်းမှသိရသည်။ “ကမ္ဘာရွှေဈေးတက်လို့ ပြည်တွင်းရွှေဈေး လိုက်တက်တာပါ။ ပြည်တွင်းဒေါ်လာငွေလဲနှုန်းကတော့ကျတယ်။ ဈေးကောင်းတော့ အကုန်လုံးလာပြန်ရောင်းကြတာ များတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

ဩဂုတ် ၆ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၂,၀၄၁ ပေါက်ဈေးရှိပြီး ပြည်တွင်း ဒေါ်လာဈေးနှုန်းမှာ တစ်ဒေါ်လာကို ၁,၃၇၄ ကျပ် ပေါက်ဈေးရှိကြောင်း ယင်းအသင်းထံမှသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလက အခေါက်ရွှေတစ်ကျပ်သားကို ကျပ် ၁,၃၀၀,၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ဖူးသည်။

ရွှေဈေးများ ကျပ် ၁,၃၀၀,၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်နေသော်လည်း ရွှေဈေးကွက်အတွင်းတွင် အရောင်း အဝယ်မှာ အေးစက်လျက်ရှိပြီး ရွှေစုဆောင်းထားသူများက ရွှေဈေးတက်ချိန်တွင် ပြန်ရောင်းကြသည်များသာရှိကြောင်း ရွှေဈေးကွက်အတွင်းမှသိရသည်။

**Source: The Voice**

https://news.ydnp.net/366563/

## ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း နာလန်ထူနိုင်ဖို့ ၇ နှစ်ခန့်ကြာမြင့်နိုင်



ကိုဗစ်ကာလအတွင်း နိုင်ငံတကာခရီးသွားလုပ်ငန်းတွေအနေနဲ့ ဆုံးရှုံးမှု များစွာ ခံစားခဲ့ရပါတယ်။ အဓိကအားဖြင့်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေပါ။ ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာနကလည်း ကမ္ဘောဒီးယားခရီးသွား လုပ်ငန်းတွေ ပုံမှန်အခြေအနေ ပြန်ရောက်နိုင်ဖို့ ၇ နှစ်လောက် ကြာမြင့် မယ်လို့ ပြောကြားခဲ့ပါတယ်။ COVID-19 ကပ်ရောဂါဆိုးဟာ ကမ္ဘာ့ စီးပွားရေးကို အထူးထိခိုက်ခဲ့ပြီး အဓိကအားဖြင့် ခရီးသွားလုပ်ငန်းတွေ အထိ နာခဲ့ပါတယ်။ ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၂၀ ခုနှစ်အတွက် အပိုင်း ၃ ပိုင်း ခွဲခြားထားပါတယ်။ ပထမအပိုင်းမှာတော့ နိုင်ငံတကာခရီးသွားအရေအတွက် ၂ ဒသမ ၅ သန်း မျှော်လင့်ထားပြီး ၅၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းကျဆင်းသွားဖို့ မျှော်လင့်ထားပါတယ်။

ဒုတိယအပိုင်းမှာတော့ နိုင်ငံတကာခရီးသွား ၂ သန်းနီးပါးမျှော်လင့်ထားပြီး ၆၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်း ကျဆင်း သွားဖို့ မျှော်လင့်ထားပါတယ်။ တတိယအပိုင်းမှာတော့ နိုင်ငံတကာခရီးသွား ၁ ဒသမ ၅ သန်း မျှော်လင့်ထားပြီး ၇၀ ကနေ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားဖို့မျှော်လင့်ထားပါတယ်။ COVID-19 ကပ်ရောဂါ အခြေအနေက မသေချာသေးတဲ့ အခြေအနေမှာ ရှိနေတဲ့အတွက် ကမ္ဘောဒီးယားခရီးသွားလာရေးဝန်ကြီးဌာနကတော့ တတိယပိုင်းကို ပိုမိုမျှော်လင့်ထားပြီး ခရီးသွားလုပ်ငန်း တွေ ပုံမှန်အခြေအနေ ပြန်ရောက်လာဖို့ ၇ နှစ် ကြာမြင့်မယ်လို့ပြောပါတယ်။

ဝန်ကြီးဌာနရဲ့ပြောကြားချက်အရ ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းတွေအနေနဲ့ ဝင်ငွေဒေါ်လာ ၃ သန်းနီးပါး အရှုံးပေါ်ဖို့ ရှိနေပြီး တိုင်းပြည်ဝင်ငွေရဲ့ ၁၂ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအတွင်း ကျဆင်းသွားဖို့ရှိနေပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဟာ ဇူလိုင်လကစပြီး နိုင်ငံတကာခရီးသွားတွေကို ပြည်ဝင်ခွင့်ပြုခဲ့ပေမယ့် ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ အနှိပ်ခန်း၊ ကာရာအိုကေ အပါအဝင် ခရီးသွားလုပ်ငန်း ၃,၃၃၅ နီးပါး ရပ်ဆိုင်းထားခဲ့ရပါတယ်။ COVID-19 ကြောင့် လူပေါင်း ၁၁၀,၀၀၀ ကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပါတယ်။ အထိခိုက်ဆုံးနေရာတွေကတော့ အနှိပ်ခန်း၊ ကာရာအိုကေ၊ အရက်ဆိုင်နဲ့ ဘီယာဆိုင်လို နေရာမျိုးတွေပါ။ ဒါကြောင့်လည်း ကမ္ဘောဒီးယားခရီးသွားလာရေး ဝန်ကြီးဌာနအနေနဲ့ တိုင်းပြည်စီးပွားရေးကို ထောက် ပံ့ပေး နိုင်ဖို့ ပြည်တွင်းခရီးသွားလုပ်ငန်းတွေကို အရှိန်အဟုန် မြင့်တင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အာဆီယံနိုင်ငံတွေ အပါအဝင် တရုတ်၊ ဂျပန်နဲ့တောင်ကိုရီးယားက ချမ်းသာတဲ့ခရီးသွားတွေ ကမ္ဘောဒီးယားနိုင်ငံလာရောက်လည်ပတ်ဖို့ ပစ်မှတ်ထား ဆောင်ရွက်နေပါတယ်။ **Source:** https://burma.irrawaddy.com/lifestyle/travel/2020/08/06/227521.html

## ယူရိုဇုန်၏ လက်လီရောင်းချမှု ကပ်ရောဂါကာလမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း

ယူရိုဇုန်တွင် လက်လီရောင်းချမှုပမာဏမှာ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် ပြန်လည်တိုးတက် လာခဲ့ပြီး၊ အသွားအလာ ကန့်သတ်မှုများမပြုလုပ်မီကာလဖြစ်သည့် ဖေဖော်ဝါရီလက ရောင်းချမှု အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ယူရိုဇုန်၏ ဇွန်လအတွင်း လက်လီရောင်းချမှုသည် မေလ၌ ရောင်းချမှုပမာဏထက် ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဥရောပစာရင်းအင်းအဖွဲ့အစည်း Eurostat ၏ စာရင်းဇယားများအရသိရသည်။ အဝတ်အထည်များနှင့်ကားလောင်စာဆီများတွင် သုံးစွဲမှုတိုးတက်ခဲ့ခြင်းကြောင့် လက်လီရောင်းချမှုပြန်လည်တိုးတက်လာခြင်းဖြစ်သည်။

လက်လီရောင်းချမှုပမာဏတိုးတက်ခဲ့သော်လည်း စီးပွားရေးပညာရှင်များခန့်မှန်းထားသည့် ၅.၉ ရာခိုင်နှုန်းထက် အနည်းငယ်လျော့နည်းခဲ့ကြောင်း၊ လက်လီရောင်းချမှုသည် မေလနှင့်ဇွန်လတို့တွင် (၂) လဆက်တိုက် တိုးတက်ခဲ့သဖြင့် ယူရိုဇုန်နိုင်ငံများ၌ ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေး Lockdowns များပြုလုပ်ခဲ့ရသည့် မတ်လနှင့်ဧပြီလတို့အတွင်း စံချိန်တင်ကျဆင်းခဲ့သည့် အခြေအနေအား ပြန်လည်ချိန်ညှိလာနိုင်ခြင်းဖြစ်ကြောင်း Eurostat က ပြောကြားသည်။

ယခုနှစ်၊ ဇွန်လတွင် လက်လီဝယ်ယူမှုပမာဏသည် ယခင်နှစ်ကထက် ၁.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ဖေဖော်ဝါရီလနောက်ပိုင်းတွင် ပထမဆုံးအကြိမ် နှစ်စဉ်နှိုင်းယှဉ်ချက်၌ တိုးတက်လာခြင်းဖြစ်ရာ ယူရိုဇုန်၏လက်လီရောင်းချမှုသည် အကျပ်အတည်းကာလမတိုင်မီက အဆင့်သို့ပြန်လည်ရောက်ရှိလာသည့် လက္ခဏာဖြစ်ကြောင်း Eurostat အရ သိရသည်။ လအလိုက် နှိုင်းယှဉ်ချက်တွင် ဇွန်လ၌ လက်လီရောင်းချမှု ဂဏန်း(၂) လုံးဖြင့် တိုးတက်ခဲ့သည့်နိုင်ငံများမှာ အိုင်ယာလန်၊ အီတလီနှင့် စပိန်နိုင်ငံတို့ဖြစ်ကြပြီး၊ ဂျာမနီနှင့်ဩစတြီးယားနိုင်ငံတို့တွင်မူ မေလက တိုးတက်ခဲ့သည့်အခြေအနေမှ တစ်ဖန်ပြန်လည်ကျဆင်းခဲ့သည်။ ယူရိုဇုန်တွင် လအလိုက်နှိုင်းယှဉ်ချက်အရ အထည်အလိပ်၊ အဝတ်အထည်နှင့်ဖိနပ်များရောင်းချမှုသည် ၂၀.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ စားသုံးသူများသည် ကားလောင်စာဆီ၊ ကွန်ပျူတာပစ္စည်းကိရိယာများနှင့် စာအုပ်များကို လည်းပိုမိုဝယ်ယူမှုရှိခဲ့ကြကြောင်း၊ စားသုံးသူများအနေဖြင့် ရောင်းချရာနေရာများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ဝယ်ယူမှုများကို ပြန်လည်လုပ်ဆောင်လာကြသဖြင့် ဇွန်လတွင် အွန်လိုင်းမှရောင်းချရမှုသည် ၆.၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**Source:** Reuters၊ Eurostat (၅-၈-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## တရုတ်နိုင်ငံသို့ဝင်ရောက်မည့် လေကြောင်းခရီးစဉ်အားလုံးအနေဖြင့် COVID-19 ရောဂါကင်းစင်ကြောင်းပြသရန် လိုအပ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်း

တရုတ်အာဏာပိုင်များသည် နိုင်ငံအတွင်းသို့ ကမ္ဘာ့ကပ်ရောဂါကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရန် ကြိုးပမ်း အားထုတ်မှုတစ်ရပ်အနေဖြင့် ပြည်ပနိုင်ငံများမှ နိုင်ငံအတွင်းသို့ လာရောက်မည့်သူအားလုံးအား သက်ဆိုင်ရာနိုင်ငံမှ တရုတ်နိုင်ငံသို့ ခရီးမထွက်ခွာမီ (၅) ရက်ကြိုတင်၍ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ တရုတ်နိုင်ငံဆိုင်ရာသံရုံးများမှ သတ်မှတ် (သို့) အသိအမှတ်ပြုထားသည့် ကျန်းမာရေးစင်တာများ၌ စစ်ဆေးထားသည့် nucleic acid စစ်ဆေးမှုအဖြေအား ပြသရန်လိုအပ်သည့် ကြေညာချက်အား (၂၁-၇-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါထုတ်ပြန်ကြေညာချက်အား တရုတ်နိုင်ငံမြို့ပြလေကြောင်း စီမံခန့်ခွဲမှုအဖွဲ့ (CAAC)၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ပူးတွဲထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကြေညာချက်အရ တရုတ်နိုင်ငံသို့ ပြန်လည် ဝင်ရောက်လာမည့် နိုင်ငံသားများအနေဖြင့် wechat တွင် ပါရှိသည့် health mini-program တွင် negative nucleic acid test results အား တင်ပြထားရန်လိုအပ်ကြောင်း၊ နိုင်ငံခြားသားများအနေဖြင့် negative nucleic acid test results များတင်ပြ၍ သက်ဆိုင်ရာ တရုတ်သံရုံး/ကောင်စစ်ဝန်ချုပ်ရုံးများထံတွင် ကျန်းမာရေးလက်မှတ်လျှောက်ထားရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာလေကြောင်းလိုင်းများအနေဖြင့် ခရီးသည်၏ကျန်းမာရေး codes (သို့) အသိအမှတ်ပြုလက်မှတ်များအား စစ်ဆေးရ မည်ဖြစ်ပြီး အဆိုပါသတ်မှတ်ချက်များ တင်ပြနိုင်ခြင်းမရှိပါက တရုတ်နိုင်ငံသို့ ထွက်ခွာမည့်လေကြောင်းခရီးစဉ်သို့ လိုက်ပါခွင့်ပြုမည်မဟုတ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံဖြတ်ကျော်၍ လူပုဂ္ဂိုလ်များ ရွှေ့လျားသွားလာမှုများ တိုးတက်

လျှင်မြန်စေရန်နှင့် အာမခံချက်ရှိစေရန်ဖြစ်ပြီး လုပ်ငန်းများ၊ ထုတ်လုပ်ရေးများ ပြန်လည်စတင်နိုင်စေရန်၊ people-to-people exchanges များ ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တရုတ်သံရုံးများ အနေဖြင့် တည်ရှိသည့်နိုင်ငံများတွင် nucleic acid စစ်ဆေးပေးနိုင်မှုအပေါ် မူတည်၍ အထူးစီမံဆောင်ရွက်မှုများအား သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ကူးစက်မှုအား ထိန်းချုပ်ထားနိုင်သော်လည်း ပြည်ပမှရောဂါကူးစက်မှုများ ဝင်ရောက်လာမှုအားတားဆီးနိုင်ရန်မှာ ကြီးမားသည့်ဖိအားဖြစ်သည့်အတွက် လိုအပ်သည့်စီမံဆောင်ရွက်မှုများအား အချိန်နှင့်တပြေးညီချမှတ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ Wang Wenbin မှ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း၊ တရုတ်နိုင်ငံမြို့ပြလေကြောင်း စီမံခန့်ခွဲမှုအဖွဲ့ (CAAC) မှ ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ တရုတ်နိုင်ငံလေကြောင်းလိုင်းများသည် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း၌ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်ပေါင်း (၁၄၀, ၀၀၀) ဦးအား ပို့ဆောင်ပေးခဲ့ပြီး အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ် ကာလတူ၏ (၂.၃) ရာခိုင်နှုန်းသာရှိကြောင်း သိရှိပါသည်။

**Source:** https://www.globaltimes.cn/content/1195213.shtml

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (ဘေကျင်း)**

## ဂျပန်နိုင်ငံ၏ ငွေကြေးလုပ်ငန်းဆိုင်ရာ ကုမ္ပဏီအုပ်စုကြီးများ၏ အမြတ်ငွေများကျဆင်းလာခဲ့

ဂျပန်နိုင်ငံ၏ အထင်ကရ ငွေကြေးလုပ်ငန်းလုပ်ကိုင်ကြသည့် ကုမ္ပဏီအုပ်စုကြီး ၃ ခု၏ ၂၀၂၀ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဇွန်လအထိ ၃လပတ်ကာလအတွင်း အမြတ်ငွေရရှိမှု များစွာကျဆင်းခဲ့ကြောင်းသိရပါသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအကျပ်အတည်းကြောင့် ချေးငွေပေးဆပ်မှုမရှိခြင်းများနှင့် ကြုံကြိုက်နေရသဖြင့် အဆိုပါအခြေအနေမှ ကာကွယ်ရန် အရန်ငွေများ ပြင်ဆင်ထားခဲ့ရကြောင်း ကုမ္ပဏီအကြီးအကဲများက ပြောကြားခဲ့ပါသည်။ Mitsubishi UFJ Financial Group က ၎င်းတို့ကုမ္ပဏီအနေဖြင့် ဧပြီလမှဇွန်လအထိ ၃လပတ်တာကာလအတွက် ဘဏ္ဍာရေးဆိုင်ရာစာရင်းတွေကို ဩဂုတ်လ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ လုပ်ငန်းအုပ်စုတစ်ခုလုံး၏ အသားတင်အမြတ်ငွေသည် ယန်းငွေအားဖြင့် ပြီးခဲ့သည့်နှစ်၏ အလားတူကာလကထက် ၅၃ % နီးပါး ကျဆင်းခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏ အကြီးအကဲများက ပြောကြားခဲ့ပါသည်။ Sumitomo Mitsui Financial Group ၏ အမြတ်ငွေမှာ ၆၀ % ကျော် ကျဆင်းခဲ့ပြီး Mizuho Financial Group ကုမ္ပဏီ၏ အမြတ်ငွေသည် ၂၅ % နီးပါး အသီးသီးကျဆင်းခဲ့ကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အသေးစားနှင့်အလတ်စားကုမ္ပဏီများ၏ အနာဂတ်အလားအလာနှင့်ပတ်သက်၍ စိုးရိမ်နေရကြောင်း စစ်တမ်းသုံးသပ်ချက်အရသိရ

ဂျပန်နိုင်ငံရှိ ချေးငွေဆိုင်ရာသုတေသနကုမ္ပဏီတစ်ခုဖြစ်သည့် Tokyo Shoko Research ၏ စစ်တမ်းကောက်ယူမှုအရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင် ခြင်းမရှိပါက နိုင်ငံအတွင်းရှိ ရာနှင့်ချီသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေဝါလီခံမည့် အလားအလာများရှိကြောင်း ပြောကြားခဲ့ပါသည်။

Tokyo Shoko Research သည် နိုင်ငံအတွင်းရှိ ကုမ္ပဏီပေါင်း ၆,၆၀၀ ကျော်ထံမှ ၎င်းတို့၏ အနာဂတ် အလားအလာ အခြေအနေအပေါ် ရှုမြင်မှုများကို စစ်တမ်းကောက်ယူခဲ့ပါသည်။ အသေး စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၄၀၀ ကျော်က ၎င်းတို့အနေဖြင့် လုပ်ငန်းပိတ်သိမ်းရနိုင်ဖွယ်ရှိကြောင်း ဖြေဆိုခဲ့ကြပြီး၊ ၂၀၀ နီးပါးက ဒေဝါလီခံရန် ဖြစ်နိုင်ခြေအလားအလာနှင့်ပတ်သက်၍ တစ်နှစ်အတွင်း စဉ်းစားသုံးသပ်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဖြေကြားခဲ့ကြပါသည်။

အကယ်၍ ဂျပန်အစိုးရအနေဖြင့် စီးပွားရေးဆိုင်ရာကန့်သတ်ချက်များကို ပြန်လည်ရုတ်သိမ်းပေးမည်ဆိုပါက အဆိုပါစီးပွားရေးလုပ်ငန်းများအနေဖြင့် လက်ရှိကျန်ရှိနေသည့် ဘဏ္ဍာရေးအနေအထားနှင့် လုပ်ငန်းဆက်လက်ရပ်တည်နိုင်မည့် အခြေအနေရှိကြောင်း အဆိုပါသုတေသနပြုလုပ်ဆောင်ရွက်သည့်ကုမ္ပဏီက ပြောကြားခဲ့ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

# STOCK EXCHANGE (7.8.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 7th Aug. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,000 | 10,500 | 10,000 | 1,938 | 19,460,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 1,368 | 5,131,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 335 | 2,680,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 21,500 | 510 | 10,984,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 633 | 1,773,550 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +100 | +3.33% | 2,950 | 3,100 | 2,800 | 1,469 | 4,498,000 | 19,977,223 | 61,929 |

Home > Market Data > Market summary


## Market summary

As of 7th Aug. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 448.97 | +10.64 | +2.43% | 437.64 | 448.97 | 434.12 | 6,253 | 44,527,850 | 6 | 668,042 |

### Index chart




## Market Overview

As of 1:00 pm, 7th Aug. 2020

| MYANPIX | 448.97 ▲ 10.64 |
|---|---|
| Total Volume (shares) | 6,253 |
| Total Value (MMK) | 45 mil |
| Listed Company | 6 |
| Market Cap. (MMK) | 668,042 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 3,100 | ▲ 100 |